Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၂၂)

## “နအဖက ရင်ကြားမစေ့ဘူးဆိုရင် ဘာလုပ်မလဲ”

၂၀၀၈ ခုနှစ်ကို “အမျိုးသားရင်ကြားစေ့ရေးနှစ်”အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတ်မှတ်လိုက်ကြောင်း ဇန်နဝါရီလ(၄)ရက် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့မှာ တရားဝင် ကြေညာခဲ့ပါတယ်။ နအဖ စစ်အစိုးရကတော့ သူတို့ကို ဆန့်ကျင်သူမှန်သမျှကို ၂၀၀၈ ခုနှစ်အတွင်းမှာ ဖမ်းဆီးထောင်ချထားဖို့ ထောင်ကြီးတွေထဲမှာ သီးသန့်ထောင်လေးတွေ ပြင်ဆင်ဆောက်လုပ်ခိုင်းနေချိန်မှာ အဖွဲ့ချုပ်က အခုလိုကြေညာချက် ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ နအဖ ပြည်ထဲရေးဝန်ကြီးနဲ့ ဒုဝန်ကြီးတို့ဟာ ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း တပြည်လုံးမှာရှိတဲ့ အကျဉ်းထောင်တွေ၊ အကျဉ်းစခန်းတွေနဲ့ လုံထိန်းရဲတပ်ရင်းတွေကို လှည့်လည်စစ်ဆေးခဲ့ပြီး ရှေ့နှစ်တွေမှာ နိုင်ငံရေးအကျဉ်းသားတွေ ပိုမိုများပြားလာဖို့ရှိတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားကြဖို့ လမ်းညွှန်မှာကြားမှုတွေပြုလုပ်ခဲ့တာ တွေ့ရပါတယ်။

အကျဉ်းထောင်၊ အကျဉ်းစခန်း အသီးသီးမှာ လက်ရှိဆောက်လုပ်ထားတဲ့ အဆောင်တိုက်ခန်းတွေဟာ ပုံစံအမျိုးမျိုး ဖြစ်နေကြတာကြောင့် (သီးသန့်)အဆင့်နဲ့ (သာမန်သီးသန့်)အဆင့်ရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဖမ်းဆီးချုပ်နှောင်ထားရာမှာ တစ်ဦးနဲ့တစ်ဦး မြင်တွေ့၊ ပြောဆို၊ ဆက်သွယ်၊ စည်းရုံးနိုင်တဲ့ အနေအထားတွေ ဖြစ်ပေါ်နေတာတွေ့ရကြောင်း၊ နိုင်ငံရေးအကျဉ်းသား ဘယ်သူတွေကို ဘယ်ထောင်၊ ဘယ်အဆောင်က ဘယ်အခန်းတွေမှာ ဘယ်လိုချုပ်နှောင်ထားကြောင်း၊ ဘယ်သူတွေရဲ့ ကျန်းမာရေးအခြေအနေက ဘယ်လောက်အထိ ဆိုးဝါးနေပြီး ဘယ်သူတွေကတော့ အစာငတ်ခံဆန္ဒပြနေလို့ တိုက်ပိတ်ခံနေရကြောင်း၊ ဘယ်သူတွေကိုတော့ ဘယ်နေ့က ဘယ်ထောင်တွေကို ပြောင်းရွှေ့ပစ်ခဲ့ကြောင်း၊ စတဲ့ ထောင်တွင်းလျှို့ဝှက်သတင်းတွေ ထောင်ပြင်ပကို အမြဲလိုလိုပေါက်ကြားနေပြီး ပြည်ပသတင်းမီဒီယာတွေကတဆင့် နိုင်ငံတကာကို ချက်ချင်းပြန့်နှံ့သွားတာ တွေ့နေရကြောင်း၊ ဒါကြောင့် လာမဲ့နှစ်တွေမှာ ထောင်တွင်းက နိုင်ငံရေးအကျဉ်းသားတွေရဲ့ အခြေအနေတွေကို ပြည်တွင်းပြည်ပက အလွယ်တကူ မသိရှိနိုင်အောင် အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးမှာ နိုင်ငံရေးအကျဉ်းသားတွေအတွက် စံပြုအဆောင်တွေကို စနစ်တကျ စတင်တည်ဆောက်ကြဖို့၊ အကျဉ်းထောင်အတွင်းက တည်ဆောက်ရေးလုပ်ငန်းတွေမှာ အကျဉ်းကျတွေကို ခိုင်းစေမဲ့အစား အချုပ်ကျတွေကို အစားထိုးခိုင်းစေဖို့၊ ပြည်ထဲရေးဝန်ကြီးတွေက ညွှန်ကြားခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေထားရှိဖို့ စံပြုအဆောင်တွေတည်ဆောက်ရာမှာ လိုအပ်မဲ့ အဆောင်ပုံစံ၊ အကျယ်အဝန်း၊ အတိုင်းအတာတွေနဲ့ အခန်းအသီးသီးမှာထားရှိရမဲ့ ပရိဘောဂ ပစ္စည်းအသုံးအဆောင်တွေကို ၂၀၀၇ ဒီဇင်ဘာ(၁၁)ရက်နေ့နောက်ဆုံးထားပြီး အကြံပြုတင်ပြကြဖို့ ညွှန်ကြားခဲ့ကြောင်းလည်း သိရှိရပါတယ်။ စံပြုဆောင်တွေ ဆောက်လုပ်မပြီးခင် အကျဉ်းထောင်အသီးသီးမှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက အချင်းချင်း မြင်တွေ့သိရှိခွင့် မပြုသင့်တဲ့ သီးသန့်အဆင့်နဲ့ သာမန်သီးသန့်အဆင့်ရှိ နိုင်ငံရေးအကျဉ်းသားတွေရဲ့စာရင်းကို ထောင်တာဝန်ခံအရာရှိတွေနဲ့ ရဲသတင်းတပ်ဖွဲ့တို့ ပူးပေါင်းပြုစုပြီး အဲဒီအကျဉ်းသားတွေကို လူစုခွဲကာ နှစ်ရှည်ပြစ်ဒဏ်ကျ ရာဇဝတ်အကျဉ်းသားတွေနဲ့အတူ တွဲဖက်ထားရှိဖို့၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ထောင်ဝင်စာတွေ့မှုတွေကိုလည်း ပိုမို စည်းကမ်းတင်းကျပ်ကြဖို့၊ အကျဉ်းထောင်၊ အကျဉ်းစခန်းတွေနဲ့ အချုပ်ခန်းတွေရဲ့ အနီးအနားမှာ ဆောက်လုပ်ထားကြတဲ့ အရပ်သားတွေရဲ့ နေအိမ် အဆောက်အဦးတွေ

ကို အဝေးကို ပြောင်းရွှေ့ပစ်ကြဖို့၊ အကျဉ်းဦးစီးဌာနအတွက် အရေးတကြီးလိုအပ်နေတဲ့ လုံခြုံရေးဝန်ထမ်းတွေ အချိန်မီရရှိဖို့ အတွက်လည်း အကျဉ်းဦးစီးဌာန မိသားစုအသိုင်းအဝိုင်းထဲက မှီခိုသူတွေကို ရွေးချယ်ခန့်အပ်ဖို့၊ ဒ့ါအပြင် ပြည်နယ်၊ တိုင်း၊ ရဲတပ်ဖွဲ့တွေထဲက ခပ်ဆိုးဆိုး ရဲတပ်ဖွဲ့ဝင်တွေကိုလည်း အကျဉ်းဦးစီးဌာနကို ပြောင်းရွှေ့ပြီး တာဝန်ထမ်းခိုင်းဖို့၊ တပ်မတော် အက်ဥပဒေနဲ့ အရပ်ဘက်အကျဉ်းထောင်တွေမှာ ထောင်ချခံနေရသူ အခြားအဆင့် စစ်သည်တွေကို စီစစ်ရွေးချယ်ပြီး တန်းစီး တွေ၊ ထောင်ဝါဒါတွေအဖြစ်နဲ့ ခန့်အပ်ဖို့၊ ညွှန်ကြားခဲ့ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဒုတိယရဲချုပ်၊ ရဲဦးစီးအရာရှိချုပ်၊ ရဲရေးချုပ်နဲ့ လုံထိန်းရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးတွေက လည်း တပြည်လုံးမှာရှိတဲ့ လုံထိန်းရဲတပ်ရင်း (၁၆)ခုနဲ့ ပြည်နယ်၊ တိုင်း ရဲတပ်ဖွဲ့ဌာနချုပ်တွေကို လှည့်လည်စစ်ဆေးခဲ့ကြပြီး လာမဲ့နှစ်တွေမှာ လူထုအုံကြွမှုတွေ ပေါ်ပေါက်လာခဲ့ရင် ကြံ့ဖွံ့၊ စွမ်းအားရှင်၊ တပ်မတော် စတဲ့ အင်အားစုတွေနဲ့လက်တွဲကာ လက်ဦးမှုယူ ချေမှုန်းနိုင်အောင်ပြင်ဆင်ထားကြဖို့ ညွှန်ကြားမှုတွေ ပြုလုပ်ခဲ့ကြတာတွေ့ရပါတယ်။ လုံထိန်းရဲတပ်ရင်း (၁၆)ရင်း ကို တိုက်ခိုက်ရေးအင်အား (၅၀၀)စီ ပြည့်နေအောင် ဖြည့်တင်းထားကြဖို့၊ လိုအပ်တဲ့အင်အားတွေအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ ရဲတပ်ဖွဲ့တွေအလိုက် ခွဲတမ်းချပြီး အမြန်ဆုံးစေလွှတ်ပေးပို့ကြဖို့၊ လုံထိန်းရဲတပ်ရင်းတွေအတွက် အဓိကရုန်း နှိမ်နင်းရေး ဂရင်နာ ပြောင်းချောသေနတ်တွေနဲ့ (၁၂)ဗို့ကျည်တွေ၊ ၄၀ မမ၊ ၃၈ မမ နဲ့ ၃၇ မမ အမျိုးအစား ဓါတ်ငွေ့ဗုံးပစ်သေနတ်တွေနဲ့ ဓါတ်ငွေ့ဗုံးသီးတွေကို ကြိုတင်ထုတ်ပေးထားကြဖို့ မှာကြားခဲ့ကြတာ တွေ့ရပါတယ်။

အင်အား(၅၀)စီ ပါဝင်မဲ့ လုံထိန်းရဲတပ်ခွဲတွေကို စွမ်းအားရှင်တွေ၊ ကြံ့ဖွံ့တွေနဲ့ပူးပေါင်းပြီး ကိုယ်တာဝန်ကျရာ တိုင်း၊ ခရိုင်၊ မြို့နယ်၊ စုရပ်တွေမှာ (၂၄)နာရီ အသင့်ရှိနေကြဖို့၊ အဓိကရုန်းနှိမ်နင်းရေး လေ့ကျင့်မှုတွေကို အမြဲမပြတ် ပြုလုပ်နေကြဖို့၊ မိမိနယ်မြေအတွင်း လူထုအုံကြွမှုတွေ စတင်ပေါ်ပေါက်လာနိုင်တဲ့ အချက်အချာမြေ၊ ဗျူဟာမြောက် အရေးကြီးနယ်မြေတွေကို ကြိုတင်ရွေးချယ်သတ်မှတ်ထားပြီး အဲဒီနေရာတွေကို ထိန်းချုပ်ထားနိုင်အောင် စီမံချက်တွေ ရေးဆွဲချမှတ်ထားဖို့၊ လူစုလူဝေး စတင်ပေါ်ပေါက်လာတာနဲ့တပြိုင်နက် မိတ်ဖက်အင်အားစုတွေနဲ့အတူ ချက်ချင်းရောက်ရှိပြီး ချေမှုန်းပစ်နိုင်အောင် စီစဉ် လေ့ ကျင့်ထားဖို့၊ နောက်တန်းဌာနချုပ်လုံခြုံရေးအတွက်လည်း စစ်သင်တန်းပေးထားပြီးသား မှီခိုမိသားစုတွေကို လုံခြုံရေးတပ်စု၊ လုံခြုံရေး အရံတပ်စုနဲ့ အုပ်ချုပ်ထောက်ပံ့မှု အကူတပ်စုတွေအဖြစ် စနစ်တကျ ကြိုတင်ဖွဲ့စည်း လေ့ကျင့်ပေးထားကြဖို့၊ ညွှန် ကြားမှုတွေ ပြုလုပ်နေကြပါတယ်။ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ လမ်းပြမြေပုံအတိုင်းဆက်သွားဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပြီဖြစ်လို့ ပေါ်ပေါက်လာမဲ့ ပြည်တွင်းပြည်ပ အတားအဆီး အနှောက်အယှက်မှန်သမျှကို တပ်မတော်နဲ့အတူ ရင်ဆိုင်ချေမှုန်းသွားဖို့အတွက် ယခုအချိန်ကစပြီး လုံထိန်းရဲတပ်ရင်း တစ်ရင်းကို အရံဆန်အိပ်(၁၀၀၀)စီနဲ့ တပ်ရင်းရံပုံငွေ ကျပ် သိန်း (၂၀၀)စီ စုဆောင်းထားရှိကြဖို့လည်း ညွှန်ကြားထားကြောင်း သိရှိရပါတယ်။

ရဲပြေးတွေများပြားလွန်းလို့ အင်အားမပြည့်နိုင်ဖြစ်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း အမြန်ဆုံး အင်အားဖြည့်တင်း နိုင်ဖို့အတွက် ၂၀၀၈ခုနှစ်အတွင်း အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေကိုပါ ဝင်ရောက်စည်းရုံးကြရန် ပြည်နယ်နဲ့တိုင်း တွေအလိုက် ရဲမှူးကြီးတစ်ဦးစီခေါင်းဆောင်တဲ့ အဖွဲ့တွေကိုလည်း ဖွဲ့စည်း တာဝန်ပေးထားကြောင်း သိရှိရပါတယ်။

ပြည်နယ်နဲ့တိုင်း တာဝန်ခံ ကြံ့ဖွံ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေကလည်း သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်တွေကို ဆင်းပြီး ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေကို စည်းရုံးလှုံ့ဆော်မှုတွေ ပိုမိုပြုလုပ်နေကြတာ တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ ပြည်နယ် /တိုင်း၊ ခရိုင်၊ မြို့နယ် ကြံ့ဖွံ့ အလုပ်အမှုဆောင်တွေကလည်း အောက်ခြေအဆင့်ဆင့်ကိုဆင်းပြီး စည်းရုံးလှုံ့ဆော်မှုတွေ အရှိန် မြှင့် ပြုလုပ်လျှက် ရှိပါတယ်။ ဇန်နဝါရီလ(၅)ရက်နေ့က ရန်ကုန်တိုင်း ကြံ့ဖွံ့တာဝန်ခံ မြို့တော်ဝန် အောင်သိန်းလင်း ဟာ မြောက်ဥက္ကလာပမြို့နယ်အပါအဝင် မြို့နယ်အတော်များများကို လှည့်လည်စည်းရုံးခဲ့တာ တွေ့ရသလို၊ ရန်ကုန်တိုင်း ကြံ့ဖွံ့ တွဲ ဘက်အတွင်းရေးမှူး ဦးသာဝင်း ကလည်း ဇန်နဝါရီ(၆)ရက်နေ့မှာ မင်္ဂလာတောင်ညွှန့်မြို့နယ်အပါအဝင် မြို့နယ်တချို့ကို လှည့် လည်ပြီး နအဖရဲ့ လမ်းပြမြေပုံအောင်မြင်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြဖို့ စည်းရုံး ဟောပြော ခဲ့ကြောင်း သိရှိရပါတယ်။

ဇန်နဝါရီလ(၃)ရက်နေ့က ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဌ ဦးသန်းအောင်နဲ့ မင်္ဂလာတောင်ညွှန့်မြို့နယ် ကြံ့ဖွံ့ အတွင်းရေးမှူး ဦးဇော်ဝင်းတို့ ခေါင်းဆောင်တဲ့အဖွဲ့ဟာ မြို့နယ်ကြံ့ဖွံ့ရုံးမှာ မင်္ဂလာတောင်ညွှန့်မြို့နယ်အတွင်းရှိ မြို့နယ်နဲ့ ရပ်ကွက်(၂၀)က ကြံ့ဖွံ့တာဝန်ခံတွေကို ခေါ်ယူတွေ့ဆုံခဲ့ပြီး “ပြီးခဲ့တဲ့ စက်တင်ဘာအရေးအခင်းမှာတုန်းက တပ်မတော်က ရှေ့က နှိမ်နင်းခဲ့ရတဲ့အတွက် တပ်မတော် နံမည်ပျက်ခဲ့ရတယ်၊ လာမဲ့အရေးအခင်းတွေမှာတော့ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေက လူထု အသွင်နဲ့ ရှေ့တန်းက နှိမ်နင်းရမှာဖြစ်တယ်။ ဒီအတွက် စွမ်းအားရှင်အဖွဲ့တွေကို တပြည်လုံးမှာ စုစည်းလေ့ကျင့် သင်တန်းပေး ထားပြီး ဖြစ်တယ်။ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေရဲ့နောက်မှာ လုံထိန်းရဲတွေနဲ့ တပ်မတော်တို့က အဆင်သင့်ရှိနေကြမှာ ဖြစ်တယ်။

ဒီတစ်ကြိမ် ဆူပူအုံကြွမှုတွေဖြစ်ပွားခဲ့ရင် ဘုန်းကြီးတွေမပါကြဖို့ ကြိုတင်သတိပေးထားပြီးဖြစ်လို့ လမ်းပေါ်ထွက်လာတဲ့ ဘုန်းကြီးမှန်သမျှ အတုအယောင်တွေသာဖြစ်တဲ့အတွက် အားလုံးကို ချေမှုန်းပစ်ရမယ်။ ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်တွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် တပ်မတော်အစိုးရက အပြည့်အဝ တာဝန်ယူစောင့်ရှောက်ပေးမှာဖြစ်လို့ ဘာကိုမှကြောက်စရာမလိုပဲ အထက်ကတာဝန်ပေးတဲ့အတိုင်း ရဲရဲရင့်ရင့် ထမ်းဆောင်ကြဖို့လိုတယ်။ ခြိမ်းခြောက် နှောက်ယှက်သူရှိရင် နီးစပ်ရာအာဏာပိုင်အဖွဲ့အစည်းတွေကို ချက်ချင်း တိုင်ကြားကြပါ။''လို့ ထည့်သွင်းပြောဆိုသွားခဲ့ကြောင်း သိရှိရပါတယ်။

မန္တလေးမြို့မှာလည်း ရပ်ကွက်တစ်ခုကို စွမ်းအားရှင်(၃၀၀)စီ ရရှိအောင်စည်းရုံးပြီး လေ့ကျင့်ပေးထားဖို့ မန္တလေးတိုင်းကြံ့ဖွံ့တာဝန်ခံ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းက ညွှန်ကြားထားကြောင်း သိရှိရပါတယ်။ စွမ်းအားရှင်တွေကို တစ်စိတ်(၁၀)ဦး၊ တစ်စု (၃၀)၊ ပုံစံနဲ့ စုဖွဲ့မှာဖြစ်ပြီး တပ်စိတ်မှူးတွေနဲ့ တပ်စုမှူးတွေကို သက်ဆိုင်ရာရယကအဖွဲ့ဝင် ကြံ့ဖွံ့တွေက ဦးဆောင် ကြရမယ်လို့ ဆိုပါတယ်။ ဘာသာခြားတွေကိုလည်း ကြံ့ဖွံ့နဲ့ စွမ်းအားရှင်အဖြစ် တာဝန်ထမ်းဆောင်မယ်ဆိုရင် လွတ်လွတ်လပ်လပ်သွားလာ လုပ်ကိုင်စားသောက်ခွင့်ပြုမယ်လို့ ပြောဆိုစည်းရုံးနေကြောင်း သိရှိရပါတယ်။ စွမ်းအားရှင်တပ်ဖွဲ့တွေကို လက်နက်အဖြစ်နဲ့ ဝါးရင်းတုတ်တွေ၊ လေးခွတွေ၊ တပ်ဆင်ပေးမှာဖြစ်ပြီး တပ်စုမှူးအဆင့်တွေကိုတော့ လမ်းလျှောက်စကားပြောစက်တွေပါ တပ်ဆင်ပေးမယ်လို့ ကြားသိရပါတယ်။

စရဖနဲ့ ရဲသတင်းတပ်ဖွဲ့တွေကလည်း သက်ဆိုင်ရာနယ်မြေအတွင်းမှာရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တရားဝင် မြေပေါ်နိုင်ငံရေးပါတီတွေ၊ ၈၈ မျိုးဆက်ကျောင်းသားတွေ၊ သံဃာတော်တွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ အပြင် အပစ်ရပ်အဖွဲ့တွေရဲ့ အမည်စာရင်းတွေကိုပါ အသေးစိတ်ပြုစုနေကြပြီး သူတို့ရဲ့ သွားလာလှုပ်ရှားမှုတွေကိုလည်း မျက်ခြေမပြတ် အနီးကပ်စောင့်ကြည့်တာတွေ ပိုမိုပြုလုပ်လာနေကြတာ တွေ့ရပါတယ်။

၂၀၀၇ ခုနှစ် ဩဂုတ်နဲ့ စက်တင်ဘာလတွေအတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ဖြစ်ပွားခဲ့တဲ့ ရွှေဝါရောင်တော်လှန်ရေး အပြီး နိုဝင်ဘာလကစလို့ ဖမ်းဆီးထိန်းသိမ်းမှုတွေ နောက်ထပ်မလုပ်တော့ပါဘူးလို့ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် က ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုး ကို ကတိကဝတ်ပြု ပြောဆိုခဲ့ပေမဲ့ လက်တွေ့မှာတော့ အဲဒီနောက်ပိုင်းမှာ နိုင်ငံရေးလှုပ်ရှားသူ (၉၆)ဦးကို ထပ်မံဖမ်းဆီးခဲ့ပြီး အဲဒီအထဲက အနည်းဆုံး (၁၅)ဦးကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။ တပြည်လုံးက အကျဉ်းထောင်အကျဉ်းစခန်းတွေမှာ ဖမ်းဆီးချုပ်နှောင်ထားဆဲ နိုင်ငံရေးအကျဉ်းသား (၁၈၅၀) လောက်ရှိတဲ့အနက် (၇၀၀)လောက်ဟာ စက်တင်ဘာအရေးအခင်းနောက်ပိုင်းမှာ ဖမ်းဆီးချုပ်နှောင်ခံရသူတွေဖြစ်ပါတယ်။ စက်တင်ဘာအရေးအခင်း ပြီးဆုံးသွားခဲ့တာ (၄)လကြာခဲ့ပြီဖြစ်ပေမဲ့ နအဖက ဖမ်းဆီးမှုတွေကို မရပ်တန့်တဲ့အပြင် ပိုမိုအရှိန်မြှင့် ပြုလုပ်လာနေတာတွေ့ရတယ်လို့ လန်ဒန်အခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့**(AI)**ကလည်း ဇန်နဝါရီလ(၂၅)ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

**(AI)** အဖွဲ့ကြီးက ထောက်ပြထားသလို စစ်အစိုးရကလည်း လွတ်လပ်ရေးနေ့မတိုင်ခင် ဇန်နဝါရီလ(၃)ရက်နေ့ ညပိုင်းကစပြီး အဖွဲ့ချုပ်လူငယ်တွေ၊ အဖွဲ့ချုပ်ပါတီဝင်တွေနဲ့ ၈၈မျိုးဆက် ကျောင်းသားတွေအပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အားလုံးကို သိမ်းကြုံးဖမ်းဆီးတာတွေ ဆက်တိုက်ပြုလုပ်လာတာ တွေ့နိုင်ပါတယ်။ ဖမ်းဆီးရာမှာနဲ့ စစ်ကြောမေးမြန်းရာမှာလည်း ယခင်ကထက်ပိုပြီး ကြမ်းကြမ်းတမ်းတမ်း လုပ်ဆောင်လာတာ တွေ့ရှိရပါတယ်။ ဇန်နဝါရီလ(၁၄)ရက်နေ့ ညနေပိုင်းမှာ အဖမ်းခံခဲ့ရတဲ့ တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးမောင်စိုးနဲ့ အတွင်းရေးမှူး ဦးပါလေး တို့ဆိုရင် စဖမ်းကတည်းက လက်ထိပ်နောက်ပြန်ခတ် ဖမ်းဆီးခေါ်ဆောင်သွားတာကိုခံခဲ့ရပြီး ပြန်လွှတ်ပေးတဲ့အချိန်အထိ ဒီပုံစံမျိုးနဲ့ (၃၄)ရက်လောက် ဆက်တိုက် ကြမ်းကြမ်းတမ်းတမ်း စစ်ဆေးမေးမြန်းတာကို ခံခဲ့ကြရတယ်လို့ ဆိုပါတယ်။

ထောင်တွင်းမှာ ဖမ်းဆီးထိန်းသိမ်းထားတဲ့ ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေနဲ့ အဖွဲ့ချုပ်လူငယ်တွေ ပါတီဝင်တွေကိုလည်း ရာဇဝတ်ပြစ်မှုတွေနဲ့ တရားစွဲပြီး နှစ်ရှည်ထောင်ချထားဖို့ ပြင်ဆင်အားထုတ်နေတဲ့အပြင် သေဒဏ်ကျ နှစ်ကြီး ရာဇဝတ်အကျဉ်းသားတွေနဲ့အတူ တစ်ခန်းထဲထားတာတွေ၊ တရားဝင်ရုံးထုတ်ခြင်းမရှိပဲ ထောင်ဘူးဝမှာတင် အကြိမ်ကြိမ် ရမန်ယူပြီး နှစ်ရှည်လများ ဆက်လက်ချုပ်နှောင်ထားတာမျိုးတွေ၊ တရားဥပဒေရဲ့ အကာအကွယ်ကို ခံစားခွင့်မပေးပဲ ထောင်တွင်းမှာ အကျဉ်းနည်းနဲ့ စစ်ဆေးပြီး နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရတာမျိုးတွေ၊ ထောင်ဝင်စာလာတွေ့တဲ့ မိသားစုတွေကို အိမ်ထောင်စုစာရင်းနဲ့ လက်ထပ်စာချုပ်(မူရင်း) မပြနိုင်လို့ဆိုပြီး တွေ့ခွင့်မပေးပဲ နှင်လွှတ်ခဲ့တာမျိုးတွေ၊ ထောင်ဝင်စာတွေ့ပြီး ပြန်လာတဲ့ နိုင်ငံရေးအကျဉ်းသားတချို့ကို အတူနေတဲ့ နှစ်ကြီး ရာဇဝတ်အကျဉ်းသားတွေက ခြိမ်းခြောက်အနိုင်ကျင့်ပြီး စအိုထဲအထိ လက်နဲ့နှိုက် ရှာဖွေစစ်ဆေးတာမျိုးတွေကို အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးမှာ ရှိနေကြတဲ့ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူတွေ မယုံနိုင်စရာ ရင်ဆိုင်ခံစားနေကြရပြီ ဖြစ်ပါတယ်။

ဒါကြောင့် အဖွဲ့ချုပ်ခေါင်းဆောင်တွေအနေနဲ့ ၂၀၀၈ ခုနှစ်ကို “အမျိုးသားရင်ကြားစေ့ရေးနှစ်”အဖြစ် သတ်မှတ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မေတ္တာရပ်ခံ တောင်းပန်စာတွေ အကြိမ်ကြိမ်ပေးပို့နေယုံနဲ့ မလုံလောက်ပဲ၊ နအဖက အမျိုးသားရင်ကြားမစေ့နိုင်ဘူးဆိုရင် အဖွဲ့ချုပ်က ဘာလုပ်မလဲဆိုတာကို ပြည်တွင်းပြည်ပက ရှင်းရှင်းလင်းလင်းသိအောင် ပြတ်ပြတ်သားသား ထုတ်ဖေါ်ပြောဆိုရမဲ့အချိန်ကို ရောက်ရှိလာနေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Sunday, January 27, 2008***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု